**မက်ဂနက် အစီအစဉ် စောင့်ဆိုင်း စာရင်းနှင့် ပတ်သက်ပြီး**
**မေးလေ့မေးထရှိသောမေးခွန်းများ**

***စောင့်ဆိုင်းစာရင်းမှ ဝင်ခွင့်ပေးခြင်းများအကြောင်းကို အီးမေးလ်ဖြင့် အကြောင်းကြားပါလိမ့်မည်။***
(လျှောက်လွှာပေါ်တွင် အီးမေးလ်လိပ်စာကို မဖော်ပြပေးထားပါက ဝင်ခွင့်ပေးခြင်းအကြောင်းကို ဖုန်းဖြင့် အကြောင်းကြားပါလိမ့်မည်။)

***သင့် အီးမေးလ်လိပ်စာ သို့မဟုတ် ဖုန်းနံပါတ် အပြောင်းအလဲရှိပါက ဘီစီပီအက်စ် မက်ဂနက် အစီအစဉ် ဝန်ထမ်း ကို ကျေးဇူးပြုပြီး အကြောင်းကြားပေးပါ။***

**စောင့်ဆိုင်းစာရင်းတွင် ပါဝင်နေခြင်းဆိုတာ ဘယ်လိုအဓိပ္ပာယ်ပါလဲ။**

မက်ဂနက်အစီအစဉ်များတွင် လူဦးရေအကန့်အသတ်ရှိပါသည်။ မက်ဂနက် အစီအစဉ်တစ်ခုအတွက် အရည်အချင်းပြည့်မီသူဦးရေသည် လက်ခံနိုင်သည့် ဦးရေထက်ပိုများနေပါက မဲနှိုက်ရွေးချယ်ခြင်းဖြင့် ဝင်ခွင့်ပေးခြင်း စောင့်ဆိုင်းစာရင်းတစ်ခု ဖန်တီးထားခြင်းတို့ကို ပြုလုပ်ပါမည်။ စောင့်ဆိုင်းစာရင်းတွင် ပါနေသည်ဆိုပါက သင့်ကလေးသည် အစီအစဉ်အတွက် အရည်အချင်းပြည့်မီ သော်လည်း မဲနှိုက်ရွေးချယ်ရာတွက် ကနဦးဝင်ခွင့်အတွက် အရွေးချယ်မခံရခြင်း ဟု အဓိပ္ပာယ်ပေါက်ပါသည်။ ၂၀၂၀-၂၀၂၁ စာသင်နှစ်အတွက် စောင့်ဆိုင်းစာရင်းများကို ၂၀၂၀-၂၀၂၁ စာသင်နှစ်၏ ပထမ သုံးလပတ်အဆုံးအထိ သိမ်းဆည်းထားမည် ဖြစ်ပါသည်။

**စောင့်ဆိုင်းစာရင်း နံပါတ် ရဲ့အဓိပ္ပာယ်ကရောဘာလဲ။**

စောင့်ဆိုင်းစာရင်းနံပါတ်ဆိုသည်မှာ စောင့်ဆိုင်းစာရင်းပေါ်ရှိ သင့်ကလေးရဲ့နေရာကို ဖော်ပြပါသည်။ သင့်ကလေး၏ စောင့်ဆိုင်းစာရင်း အခြေအနေကို စစ်ဆေးရန်အတွက် ၎င်းနံပါတ်ကို လိုအပ်ပါသည်။ စောင့်ဆိုင်းစာရင်းပေါ်ရှိ ကလေးများ ဝင်ခွင့်ရရှိသွားပြီး စောင့်ဆိုင်းစာရင်းထဲရှိ ကျောင်းသားများ နည်းသွားသည့်တိုင် ***သင့်ကလေး၏ စောင့်ဆိုင်းစာရင်း နံပါတ် ပြောင်းလဲသွားလိမ့်မည် မဟုတ်ပါ။***

**စောင့်ဆိုင်း စာရင်း ၏ အခြေအနေကို မည်ကဲ့သို့ စစ်ဆေးနိုင်ပါသနည်း။**

အစီအစဉ်အားလုံးအတွက် စောင့်ဆိုင်း စာရင်း အခြေအနေများကို ဘီစီပီအက်စ် မက်ဂနက် အစီအစဉ် ၏ ဝက်ဘ်ဆိုက်ဒ် (http://dci.bcps.org/department/innovative_learning/educational_options/magnet_programs/) ပေါ်တွင် ဧပြီလလယ်ခန့်က တွင် ကြည့်နိုင်ပါသည်။ တင်ထားသည့် စောင့်ဆိုင်းစားရင်းသည် အစီအစဉ်တွင် နေရာရှိလာခြင်း နှင့် နောက်အစီအစဉ်သစ်များအတွက် ဆက်သွယ်ရမည့် နောက် စောင့်ဆိုင်းစာရင်း နံပါတ်အနေဖြင့် ဖော်ပြထားပါမည်။ မိဘများအနေဖြင့် စောင့်ဆိုင်းစာရင်းအား မကြာခန ကြည့်ရှူ့ပေးရန် တိုက်တွန်းအပ်ပါသည်။

**စောင့်ဆိုင်းစာရင်းမှ ဝင်ခွင့်ရရန်အတွက် အခွင့်အရေးဘယ်လောက်ရှိပါသနည်း။**

လျှောက်ထားသူတစ်ယောက်သည် မက်ဂနက် အစီအစဉ်တစ်ခုတွင် ဝင်ခွင့်ရပြီး တက်ရောက်ရန် ငြင်းဆိုပါက ဘီစီပီအက်စ် မက်ဂနက် အစီအစဉ် ဝန်ထမ်းမှ စောင့်ဆိုင်းစာရင်းပေါ်ရှိ နောက်လျှောက်ထားသူတစ်ယောက်ကို ဆက်သွယ်ပါလိမ့်မည်။ ယင်းလုပ်ငန်းစဉ်မှာ ၂၀၂၀-၂၀၂၁ စာသင်နှစ် ၏ ပထမ သုံးလပတ်ကုန်သည်အထိ ဆက်ရှိနေပါလိမ့်မည်။ တက်ရောက်ရန် ငြင်းဆိုမည့် လျှောက်ထားသူ ဘယ်နှစ်ယောက်ရှိမည်ဆိုသည်ကို ခန့်မှန်းနိုင်ရန် မဖြစ်နိုင်ပါ။ အစီအစဉ်က လက်ခံနိုင်မည့် သူ အရေအတွက် အားလုံးပြည့်နေပါက စောင့်ဆိုင်းစာရင်းမှ လျှောက်ထားသူနောက်တစ်ယောက်ကို ဝင်ခွင့်ထပ်ပေးနိုင်လိမ့်မည် မဟုတ်ပါ။

**ဝင်ခွင့်ရရှိပါက ကျွန်ုပ်ကို ဘယ်လိုဆက်သွယ်မလဲ။**

ဘီစီပီအက်စ် မက်ဂနက် အစီအစဉ်၏ ဝန်ထမ်းများက လျှောက်လွှာပေါ်တွင် ဖော်ပြထား သည့် အီးမေးလ်လိပ်စာ(များ)အတိုင်း အီးမေးလ်ဖြင့် စောင့်ဆိုင်းစာရင်းရှိ လျှောက်ထားသူများကို ဆက်သွယ်ရန် ကြိုးစားပါလိမ့်မည်။ ***ဆက်သွယ်လာပါက ဝင်ခွင့်ကို လက်ခံရန် သို့မဟုတ် ငြင်းပယ်ရန် မိဘများအနေဖြင့် ပြင်ဆင်ပေးထားရန် အရေးကြီးပါသည်။*** အီးမေးလ်လိပ်စာ မပေးထားပါက မိဘများကို ဖုန်းဖြင့် ဆက်သွယ်ပါလိမ့်မည်။ ဖုန်းကိုင်မည့် သူမရှိပါက ရုံးဝန်ထမ်းမှ အသံမက်ဆေ့ချ်ထားခဲပါလိမ့်မည်။ ***အီးမေးလ်လိပ်စာ(များ) နှင့်/သို့မဟုတ် ဖုန်းနံပါတ်(များ) ပြောင်းလဲပါက ဘီစီပီအက်စ် မက်ဂနက် အစီအစဉ်၏ ဝန်ထမ်းများကို အကြောင်းကြားရန်မှာ မိဘများ၏ တာဝန် ဖြစ်ပါသည်။***

**ကျွန်ုပ် ကလေး ဝင်ခွင့်ရပါက ဆုံးဖြတ်ချက်ချရန် အချိန် ဘယ်လောက်ရပါသလဲ။**

ဝင်ခွင့်ပေးရန် ဆက်သွယ်လာပါက မိဘများအနေဖြင့် ဝင်ခွင့်ကို လက်ခံရန် သို့မဟုတ် ငြင်းပယ်ရန် ပြင်ဆင်ထားသင့်ပါသည်။ သို့ရာတွင် မိဘများအနေဖြင့် ဝင်ခွင့်ကို လက်ခံမခံ ဆုံးဖြတ်ရန် **ရုံးဖွင့်ရက် (၃) ရက်** အချိန် ရှိပါသည်။ နောက်ဆုံးဆုံးဖြတ်ရမည့် နေ့မှာ စနေ၊ တနင်္ဂနွေ သို့မဟုတ် ကျောင်းစနစ်ပိတ်ရက်တွင် ကျရောက်နေပါက ယင်းကာလသည် စနေ၊ တနင်္ဂနွေ သို့မဟုတ် ကျောင်းစနစ်ပိတ်ရက်မဟုတ်သည့် နေ့တွင် အဆုံးသတ်မည် ဖြစ်ပါသည်။ နောက်ဆုံးရက်တွင် အကြောင်းမပြန်ကြားပါက ဝင်ခွင့်ကို ရုပ်သိမ်းခံရနိုင်ပြီး စောင့်ဆိုင်းစာရင်းပေါ်ရှိ နောက်လျှောက်ထားသူအား ဝင်ခွင့်ပေးလိုက်ပါလိမ့်မည်။

**အစီအစဉ်တစ်ခုတွင် နေရာတစ်ခုကို လက်ခံလိုက်ပါက အခြားအစီအစဉ်အတွက် စောင့်ဆိုင်းစာရင်း(များ)မှ ကျွန်ုပ်ကလေးကို ပယ်ဖျက်လိုက်မည်လား။**

မပယ်ဖျက်ပါ။ သင်ကိုယ်တိုင် သင့်ကလေးအား ဘီစီပီအက်စ် မက်ဂနက် အစီအစဉ် ၏ ဝန်ထမ်းများအား စာရင်း(များ)မှ ဖယ်ရှားပေးရန် မတောင်းဆိုပါက သင့်ကလေးအား ဝင်ခွင့်တစ်ခုပေးချိန်အထိ သို့မဟုတ် စောင့်ဆိုင်းစာရင်းဆက်မရှိတော့သည့်အချိန်ထိ စာရင်းထဲတွင် ဆက်ရှိနေမည် ဖြစ်ပါသည်။ အကယ်၍သင်သည် အစီအစဉ်တစ်ခုအတွက် ဝင်ခွင့်ပေးခြင်းကို ငြင်းဆိုလိုက်ပါက သင့်ကလေးအား ယင်း အစီအစဉ်၏ စာရင်းမှ ပယ်ဖျက်ခံရပါလိမ့်မည်။ If you decline a placement offer for a program, your child will be removed from only that program’s list.

**အကယ်၍ မက်ဂနက် အစီအစဉ် သို့မဟုတ် ကျောင်းတစ်ကျောင်းအတွက် စောင့်ဆိုင်းစာရင်းတစ်ခုထဲတွင် ကလေး နှစ်ယောက် သို့မဟုတ် နှစ်ယောက်ထက်ပိုပြီး ရှိနေလျှင် ကလေး(များ)အားလုံး တစ်ပြိုင်နက်တည်း ဝင်ခွင့်ရမည်လား။**

မရပါ။ အမွှာများအပါအဝင် မွေးချင်းလျှောက်ထားမှုများသည် စောင့်ဆိုင်းစာရင်းတွင် ဦးစားပေး ဝင်ခွင့်ရရှိလိမ့်မည် မဟုတ်ပါ။ စောင့်ဆိုင်းစာရင်းထဲတွင်ပါသည့်အတိုင်းသာ ဝင်ခွင့်များကို ပေးမည် ဖြစ်ပါသည်။

(ကျောဘက်တွင် ဆက်ရန်)

**စောင့်ဆိုင်းစာရင်းမှ မက်ဂနက် ဝင်ခွင့်တစ်ခုကို ရရှိပါက ဘာဆက်လုပ်ရန် လိုပါသနည်း။**

ဝင်ခွင့်ကို လက်ခံပြီးနောက် မှတ်ပုံတင်ရန် ချိန်းဆိုမှုပြုလုပ်ရန် ကျောင်းအား **ရုံးဖွင့်ရက် ငါး (၅) ရက်** အတွက် ဆက်သွယ်ရပါလိမ့်မည်။ ***ရုံးဖွင့်ရက် ငါး (၅) ရက်အတွင်း မှတ်ပုံတင်ရန် ချိန်းဆိုမှုပြုလုပ်ရန် ပျက်ကွက်ပါက အစီအစဉ်ဝင်ခွင့်ကို ရုပ်သိမ်းခံရနိုင်ပါ။***

သတိပြုရန်မှာ-

- မက်ဂနက် အစီအစဉ်တွင် စာရင်းသွင်းရန်အတွက် ဘယ်လ်တီမိုး ကောင်တီ အစိုးရကျောင်းတွင် တက်ရောက်ရန် အကျုံးဝင်ကြောင်းသက်သေပြနိုင်ရန် လိုအပ်ပါသည်။
- ကျောင်းကသတ်မှတ်ထားသည့် ရက်မတိုင်မီ စာရင်းသွင်းရန် ပျက်ကွက်ပါက အစီအစဉ်တွင် ဝင်ခွင့်ကို ရုပ်သိမ်းခံရနိုင်ပါသည်။
- ကြိုပို့ကို ဘယ်လ်တီမိုးကောင်တီ အစိုးရကျောင်းများက မစီစဉ်ပေးနိုင်ပါက မက်ဂနက်အစီအစဉ်နှင့်အိမ်ကြား အကြိုအပို့ကို ပြုလုပ်ရန်မှာ မိဘ၏ တာဝန်ဖြစ်ပါသည်။
- ကလေး၏ ဇုန် (အိမ်နီးချင်း) ကျောင်း မဟုတ်သည့် မက်ဂနက် အစီအစဉ်တွင် ဝင်ခွင့်ရပါက ကလေးကို ဘုတ်အဖွဲ့၏ မူဝါဒ နှင့် ကျောင်းအုပ်ကြီး ၏ စည်းကမ်း ၅၁၄၀ (http://www.bcps.org/system/policies_rules/ တွင်ကြည့်နိုင်ပါသည်) တွင်ပါသည့် သတ်မှတ်ချက်များ နှင့် အခြေအနေများအရ "အထူးပြောင်းရွှေ့မှု" တစ်ခုအနေဖြင့် စာရင်းသွင်းခံရနိုင်ပါသည်။

**အကယ်၍ ကျွန်ုပ်၏ ကလေးသည် စောင့်ဆိုင်းစာရင်းတွင် ပါနေပြီး ၂၀၂၀-၂၀၂၁ စာသင်နှစ်အစအထိ ဝင်ခွင့်မရပါက ကျွန်ုပ်ဘာလုပ်သင့်ပါသနည်း။**

၂၀၂၀-၂၀၂၁ စာသင်နှစ်အစအထိ သင့်ကလေးသည် မက်ဂနက်အစီအစဉ်တွင် ဝင်ခွင့်မရရှိပါက သင့်ကလေးအား သူ/သူမ ၏ ဇုန် (အိမ်နီးနားချင်း)ကျောင်း သို့မဟုတ် သင့်ကလေးအား ဝင်ခွင့်ပေးသည့် မည်သည့်ကျောင်းတွင်မဆို စာရင်းပေးသွင်းရန် လိုအပ်ပါသည်။

**ကျွန်ုပ်၏ ကလေးသည် ၂၀၂၀-၂၀၂၁ စာသင်နှစ် စတင်ပြီးနောက်တွင် ဝင်ခွင့်ရရှိနိုင်သေးပါသလား။**

ရနိုင်ပါသေးသည်။ ဝင်ခွင့်များကို ၂၀၂၀-၂၀၂၁ စာသင်နှစ်၏ ပထမ သုံးလပတ်မတိုင်မီအထိ ဝင်ခွင့်ရရှိနိုင်ပါသည်။ စာသင်နှစ်စတင်ပြီးနောက် မက်ဂနက် အစီအစဉ်တွင် ဝင်ခွင့်ကို လက်ခံပါက သင့်ကလေးကို မည်သည့်အချိန်တွင်မဆို ပြောင်းရွှေ့ရန် ခွင့်ပေးရပါလိမ့်မည်။ ကျောင်းသားက မိဘအား ပြောင်းရွှေ့ခြင်း နှင့် မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်တွင် ကူညီလုပ်ဆောင်ပေးပါလိမ့်မည်။

**ကျွန်ုပ်၏ ကလေးသည် ၂၀၂၀ ကုန်ခါနီးအထိ စောင့်ဆိုင်းစာရင်းတွင် ရှိနေပါက ၂၀၂၁-၂၀၂၂ စာသင်နှစ်အတွက် လျှောက်ထားရန် လိုအပ်ပါသလား။**

***စောင့်ဆိုင်းစာရင်းသည် လျှောက်ထားသည့် နှစ်အတွက်သာ အကျုံးဝင်ပါသည်။*** *၂၀၂၁-၂၀၂၂ စာသင်နှစ်အတွက် မက်ဂနက် အစီအစဉ်အတွက် စဉ်းစားပေးခံရရန်အတွက် လျှောက်ထားရန် နောက်ဆုံးရက်မတိုင်မီ လျှောက်ထားပြီး ဖြစ်ရပါမည်။*

**၂၀၂၁-၂၀၂၂ အတွက် မက်ဂနက်အစီအစဉ်အတွက် လျှောက်ထားပါက လက်ရှိနှစ်အတွက် ဝင်ခွင့်တစ်နေရာ ရရှိနိုင်မှုအပေါ်တွင် သက်ရောက်မှုရှိနိုင်ပါသလား။**

မရှိပါ။ ၂၀၂၁-၂၀၂၂ စာသင်နှစ်အတွက် လျှောက်ထားသည်ဖြစ်စေ မလျှောက်ထားသည် ဖြစ်စေ သင့်ကလေး၏ ၂၀၂၀-၂၀၂၁ စောင့်ဆိုင်းစာရင်းအတွက် အခြေအနေသည် ၂၀၂၀-၂၀၂၁ စာသင်နှစ်၏ ပထမ သုံးလပတ်အဆုံးအထိ အသက်ရှိပါသည်။

**လက်ရှိနှစ်၏ စောင့်ဆိုင်းစာရင်းပေါ်မှ ကျောင်းသားများသည် နောက်နှစ် မက်ဂနက် လျှောက်ထားမှုတွင် ဦးစားပေးမှုများ ရရှိမည်လား။**

မရရှိပါ။ လျှောက်ထားမှု အသစ်အားလုံးကို ညီတူညီမျှ ထည့်သွင်းစဉ်းစားပေးမည် ဖြစ်ပါသည်။ လျှောက်ထားသူများ အားလုံးသည် လျှောက်ထားသည့် အစီအစဉ်အတွက် အရည်အချင်းပြည့်မှီရမည် ဖြစ်ပြီး လက်ခံနိုင်သည့်အရေအတွက်သည် အရည်အချင်းပြည့်မီသူထက်နည်းနေပါက မဲနှိုက်စနစ်ဖြင့် လက်ခံသွားမည် ဖြစ်ပါသည်။

**တခြား သိရှိလိုသည်များ ရှိပါက ဘာလုပ်ရမည်နည်း။**

ဘီစီပီအက်စ် မက်ဂနက် အစီအစဉ် ထံ(၄၄၃) ၈၀၉-၄၁၂၇ သို့ဖုန်းဆက်စုံစမ်းပါ သို့မဟုတ် magnet@bcps.org ထံသို့ အီးမေးလ်ပေးပို့ပါ။